




# ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ခြင်း
# မအောင်မြင်သည့် အာဏာသိမ်းချိန်မှစ၍
# ၄နှစ်အတွင်း မြန်မာနိုင်ငံ၏ အခြေအနေ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ND–Burma မှ ပြုသည့် အစီရင်ခံစာ အကျဉ်းချုပ်

www.ndburma.org

# အခြေအနေအကျဉ်းချုပ်သုံးသပ်ချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက် စစ်တပ်မှ အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစပြီး မြန်မာပြည်သူများသည် အ ခက်အခဲစိန်ခေါ်မှုများစွာနှင့် တရားမျှတမှုကင်းမဲ့မှုကို ကြုံတွေ့ရသော်လည်း စုပေါင်းချမှတ်ထားသည့် ယုံကြည်ချက် သံန္နိဋ္ဌာန်များ ဆက်လက်ရှိနေကြပြီး အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက် ရေးအ တွက်လည်း ကြိုးပမ်းလျှက်ရှိကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှန်ခဲ့သည့် ၄ နှစ်ကာလ ၂၀၁၅ ခုနှစ် အာဏာရချိန်မှစပြီး ဒုတိယအကြိမ် သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှု သည့် စစ်တပ်အား မဆိုင်းမတွ လက်နက်မဲ့ ငြိမ်းချမ်းစွာ တုန့်ပြန်ခဲ့သည့် ပြည်သူလူထုအား စစ်တပ် အနေဖြင့် ပစ်ခတ်ဖြိုခွင်းခဲ့သည်။

ပါလီမန်အသစ်ကို ခေါ်ကာနီး အာရုံဦးအချိန်တွင် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်နှင့် အပေါင်းအပါများသည် ရွေးကောက်ပွဲရလဒ်ကို ပယ်ချ၍ အာဏာသိမ်းကာ လမ်းကြောင်းပြောင်းခဲ့သည်။ မည်သည့်သက်သေ အထောက်အထားမှ မရှိဘဲ ရွေးကောက်ပွဲလိမ်လည်မှုရှိသည်ဟု စစ်အာဏာပိုင်များမှ စွပ်စွဲခဲ့ပြီး သမ္မတ ဦးဝင်း မြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။

စစ်အာဏာရှင်တို့က ၎င်းတို့အား ပြည်သူလူထုက လက်ခံပြီး အုပ်ချုပ်ခွင့်ရှိသူ အာဏာပိုင်များအဖြစ် အသိအ မှတ်ပြုမည်ဟု မျှော်လင့်ခဲ့ကြသည်။ ထိုသို့ယူဆမှုသည် သိသာထင်ရှားသည့် ထင်မြင်ယူဆချက်လွဲမှားမှုဖြစ်ပြီး စစ်တပ်၏ ဖိနှိပ်အုပ်ချုပ်မှုအပေါ် ဆက်လက်ဆန့်ကျင်နေသည့် ပြည်သူတို့၏ ခိုင်မာသည့် သန္နိဋ္ဌာန်နှင့် ဒီမိုကရေစီ လိုလားမှုအပေါ် လျော့တွက်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြမှုများကို ဦးစွာစည်းရုံး စီစဉ်သူများထဲတွင် လူငယ်များ အထူးသဖြင့် အမျိုးသမီးများပါဝင်ပြီး။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အဆောတလျင် ကြားဝင်ဖြေရှင်းပေးရန်နှင့် မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာ အုပ်ချုပ် ခဲ့သည့် စစ်အာဏာရှင်စနစ် ဆုံးခန်းတိုင်စေရန် ဆန်းသစ်တီထွင်သည့် နည်းများဖြင့် စည်းရုံးလှုံ့ဆော် ဆန့်ကျင် တိုက်ပွဲဝင်ကြသည်။ စစ်တပ်ကမူ လက်မရွံ့တပ်များ စေလွှတ်တုန့်ပြန်ခဲ့သည်။ နိုင်ငံသားလွတ်လပ်မှုအပေါ် ပထ မဆုံးအကြိမ် အကြမ်းဖက်နှိမ်နင်းမှုအဖြစ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ငြိမ်းချမ်းစွာဆန္ဒပြနေသည့် အမျိုးသမီး ငယ်တဦးကို ရဲတပ်ဖွဲ့မှ ပစ်ခတ်၍ သေဆုံးသွားသည့် ဖြစ်ရပ်ဖြစ်သည်။ ထိုသို့အကြမ်းဖက်မှုကြောင့် ဆန္ဒပြသူများ တောင်းဆိုနေသည့် မတရားမှုများ ဆုံးခန်းတိုင်ရန်၊ စစ်အာဏာရှင်တို့အနေဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသူများအား အာဏာပြန်လည်အပ်နှင်းရန်နှင့် မတရားဖမ်းဆီးထိန်းသိမ်းထားသူများ ပြန်လွှတ်ပေးရန်စသော သံန္နိဋ္ဌာန်ကို ပိုမိုခိုင်မာစေသည်။

၄ နှစ်ကြာပြီးနောက် ကံမကောင်း အကြောင်းမလှစွာပင် ထိုသို့တောင်းဆိုမှုများအတွက် အဖြေမရခဲ့သည်မှာ အကြမ်းဖက် စစ်အာဏာရှင်များသာမက နိုင်ငံတကာနှင့် မြန်မာ့အရေးနှင့် ပတ်သက်ပြီး အရေးပေါ်

အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်ရန် ပျက်ကွက်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အပါအဝင် ဒေသတွင်းရှိ အင်အားစုများ၏ လျစ်လျူရှုမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် စစ်အာဏာရှင်တို့၏ လုပ်ငန်းစဉ်ကို လျော့ပါးအောင်ကြိုးပမ်းနေသည့် တဦးချင်းအပေါ်ပို၍ အလျင်အမြန် အာရုံစိုက် ပစ်မှတ်ထား လာသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အာဏာသိမ်းပြီးပြီးချင်း ၂ လမပြည့်မီပင် ဖွဲ့စည်းခဲ့သည်။ ပြည်ထောင် စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီ (CRPH) မှ ဖွဲ့စည်းပေးခဲ့သည့် NUG မှာ တရားဝင် ကိုယ်စား ပြုမှုရှိသည့် အဖွဲ့ဖြစ်သည်။ NUG သည် ၂၀၂၀ ဒီမိုကရေစီ ရွေးကောက်ပွဲမှ အစပြုပေါ်ပေါက်ခဲ့ပြီး အမျိုးသား ညီညွတ်ရေးအ တိုင်ပင်ခံကောင်စီ (NUCC) နှင့် ပူးပေါင်းဆောင်ရွက်သည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် NUG က စစ်အာဏာရှင်တို့အား "ခုခံတွန်းလှန်စစ်" စတင် ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။ ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုရာမှ လက်နက်ကိုင်တိုက်ပွဲကိုင်စွဲ၍ ပြည်သူ့ တော်လှန် ရေးသို့ ကူးပြောင်းခဲ့ခြင်းဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDFs) သည် အရပ်သားများ ဖြင့် စစ်သင်တန်း လေ့ကျင့်သင်ကြားပေးကာ တိုက်ပွဲဝင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခုအခါတွင် တိုင်းရင်း သား တော်လှန်ရေးတပ်ဖွဲ့များ (EROs)နှင့် ပူးပေါင်း၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် တိုက်ပွဲဝင်နေ ကြသည်။

ကုန်လွန်သွားသည့် ကာလများအတွင်း အပြောင်းအလဲများ များစွာဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ရေရှည်စိုး ရိမ်ရသည့် ပြဿနာများမှာ ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။ လူ့အခွင့်အရေးအခြေအနေမှာ သိသိ သာသာ ဆိုးရွားနေပြီး သန်းနှင့်ချီသည့်ပြည်သူများ စစ်ဘေးဒုက္ခသည်ဖြစ်နေပြီး ထောင်နှင့်ချီသည့် တက်ကြွ လှုပ်ရှားသူများမှာလည်း မတရားဖမ်းဆီး အကျဉ်းချခံနေရသည်။ ၂၀၂၄ ခုနှစ်အကုန်တွင် ထုတ်ပြန်သည့် NUG ၏ လူ့အခွင့်အရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် မှတ်တမ်းအရ စစ်တပ်က အရပ်သားပြည်သူများအပေါ် နည်း မျိုးစုံသုံး၍ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု ၇,၃၉၄ ခုရှိ သည်။ ၎င်းတို့ မှတ်တမ်းအရ တရားလက်လွတ်သတ်ဖြတ်မှု ၁,၈၉၉ နှင့် ပြည်သူတို့၏ အိုးအိမ်ပိုင်ဆိုင်မှုပေါင်း ၁,၃၅၅ ခု ဖျက်ဆီးခံရသည်။

ND-Burma ၏ အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ် တမ်းများအရလည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် အသက် ၁၈ နှစ်အောက် ကလေး ၁၄ ဦးအပါအဝင် ပြည်သူ ၁၀၀ ခန့် သတ်ဖြတ်ခံရသည်။ ခန့်မှန်းခြေအရ ပြည်သူ ၄၅ ဦးမှာ လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်သည်။ သွေးစွန်းငွေဖြတ်တောက်ရေး လှုပ်ရှားမှုအဖွဲ့မှ ထုတ်ပြန်သည့် "ကောင်းကင် ကြီးကိုပိတ်" အစီရင်ခံစာ တွင် စစ်တပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ လေကြောင်းတိုက်ခိုက်မှု ၄,၁၀၀ ကျော် ပြုလုပ်ခဲ့သည်။

ASEAN အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်တပ်နှင့် အကြိမ်ကြိမ် ပူးပေါင်းဆောင်ရွက်နေခြင်းက စစ်အာဏာရှင်တို့ ငန်းငန်းတက်လိုလားနေသည့် တရားဝင်မှုကို အသိအမှတ်ပြုရာရောက်နေသည်။ ထို့အပြင် စစ်အာဏာရှင်တို့ ကျူးလွန်သည့် ရာဇဝတ်မှုများကို မသိကျိုးကျွံပြုပြီး ၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် စစ်တပ်က ကျင်းပမည့် အတုအယောင်ရွေးကောက်ပွဲကို ကျင်းပနိုင်ရန် အားပေးတိုက်တွန်းလျှက်ရှိသည်။ စစ်တပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတော်များများတွင် ၎င်းတို့၏ အခြေစိုက်စခန်းများ လက်လွှတ် ဆုံးရှုံးနေသော်လည်း စစ်အာဏာရှင်တို့က လက်ရှိပကတိအနေအထားကို လက်ခံရန် ငြင်းဆန်၍ စစ်မှုထမ်းဥပဒေကို အပြင်းအထန် အသုံးပြု စစ်သားစုဆောင်းနေပြီး တုန့်ပြန်ရန်လုပ်ဆောင်နေသည်။ လွန်ခဲ့သည့် တနှစ်က ပြဋ္ဌာန်းခဲ့သည့် အဆိုပါဥပဒေဖြင့် ၎င်းတို့၏ မဟာဗျူဟာ ဩဇာအာဏာရရှိရန် အပြင်းအထန်ကြိုးပမ်းနေသည်။ သို့သော်လည်း စစ်မြေပြင်အသီးသီးတွင် စစ်တပ်မှ လက်နက်ချသည့်နှုန်းထားများ များပြားပြီး စိတ်ဓာတ်ပျက် ပြားနေကြသည်ကိုတွေ့ရသည်။ ထို့အပြင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များက နယ်မြေအသီးသီးကို ပြန်လည်သိမ်း ပိုက်ပြီးနောက် စစ်တပ်က လေကြောင်းတိုက်ခိုက်မှုများ သိသိသာသာပြုလုပ်လာသည်။

စစ်အာဏာရှင်တို့၏ တုန့်ပြန်လက်စားချေခြင်းနှင့် ခွဲခြားမှုမရှိ တိုက်ခိုက်ခြင်းများ ရပ်တန့်စေရန်အတွက် နိုင်ငံတ ကာအသိုင်းအဝိုင်းအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ခြင်းအပါအဝင် ချိတ်ဆက်ဆောင်ရွက် ၍ အဆောတလျင် အရေးယူဆောင်ရွက်မှုမရှိပါက စစ်တပ်အနေဖြင့် ဆယ်စုနှစ် ၇ စု ကျော်ကြာ အပြစ်ပေးအ ရေးယူခြင်းမှ ကင်းလွတ်မှုကို ကျင့်သုံး၍ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေမည်ဖြစ်သည်။



*စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ၂၀၂၁ ခုနှစ်က ရန်ကုန်တွင် ဆန့်ကျင်ဆန္ဒပြနေပုံ (ဓာတ်ပုံ–MMMLwin)*

# နိဒါန်း

ယခု အစီရင်ခံစာအကျဉ်းချုပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်တပ်မှ အာဏာသိမ်းခြင်းသည် အောင် မြင်မှုမရှိဘဲ တိုင်းပြည်အား ထိန်းချုပ်ထားနိုင်ခြင်းမရှိသည်ကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ပြုစုထောက်ပြထားခြင်းဖြစ်သည်။ ပကတိ လက်တွေ့မြေပြင်အခြေအနေကို အသိအမှတ်ပြုရန် လျစ်လျူရှုနေ သည့်  စစ်တပ်အနေဖြင့် မည်သည့်ဦးဆောင်မှုမှ ရှိမနေသည်ကို အိမ်နီးချင်းနိုင်ငံများက အခိုင်အမာပြောနေ ခြင်းမှာ စစ်အာဏာရှင်တို့အနေဖြင့် တိုင်းပြည်အား ထိန်းချုပ်နိုင်မှု မရှိသည်ကို ညွှန်ပြနေခြင်းဖြစ်သည်။

ထို့အပြင် စစ်အာဏာရှင်တို့အား ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခဲ့ခြင်းမဟုတ်သကဲ့သို့ ၎င်းတို့ကိုယ်တိုင် မူကြမ်းရေးခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အာဏာဖြင့် ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ သို့ သော်လည်း မြန်မာပြည်သူအများစုကမူ စစ်တပ်ကဖွဲ့စည်းသည့် မည်သည့်အစိုးရ အာဏာပိုင်ကိုမျှ လက်ခံခြင်းမရှိဘဲ စစ်တပ်၏ အကြမ်းဖက် ရာဇဝတ်မှုများအပေါ် တာဝန်ယူ တာဝန်ခံစေရန်အတွက် ကြားဝင်ဆောင်ရွက်ရန် ထပ်ကာထပ်ကာ တောင်းဆိုနေခြင်းဖြစ်သည်။

စစ်အာဏာရှင်တို့၏ အဆက်မပြတ်ကျူးလွန်နေသည့် ဒါဇင်နှင့်ချီရှိသော ချိုးဖောက်မှုများကို ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အဖွဲ့ဝင်များအနေဖြင့် မှတ်တမ်းတင်၍ လုံခြုံစိတ်ချရသည့် အချက်အလက်စီမံခန့်ခွဲမှု စနစ်အတွင်းသို့ ပေးပို့ကြသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အ ဖွဲ့ဝင်အဖွဲ့အစည်းများ၏ မှတ်တမ်းနှင့် သက်သေများကို ဆက်စပ်ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအရ စစ်အာဏာရှင်တို့ သည် ရာဇဝတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ကျူးလွန်ကြပြီး ထိုအတွက် တာဝန်ယူ တာဝန်ခံရမည် ဖြစ်သည်။

ထိခိုက်လွယ်သူများမှာ စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာရမှုကို မကြာခနတွေ့ရသည်။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မသန်စွမ်းပုဂ္ဂိုလ်များအပေါ် တိုက်ခိုက်မှုမှာ နေ့စဥ်ဆိုသလိုဖြစ်ပြီး ၎င်းတို့မှာ ပဋိပက္ခစစ်ဘေးဒဏ်ခံရသည့် အုပ်စုများဖြစ်သည်။ လက်ရှိမြန်မာပြည်၏ နိုင်ငံ ရေးရာသီဥတုအခြေအနေရ ပြည်သူလူထု၏ အသက်အိုးအိမ် လုံခြုံမှုမှာ အထူးစိုးရိမ်စရာဖြစ်ပြီး လူ့အခွင့်အရေး မှတ်တမ်းတင်မှုကိုလည်း သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ခြင်းမရှိပေ။

ယခုနှစ်အစောပိုင်းတွင် စစ်အာဏာရှင်တို့က ပြဋ္ဌာန်းလိုက်သည့် ဆိုက်ဘာလုံခြုံရေးဥပဒေအရ VPN ချိတ်ဆက် အသုံးပြုမှုအပေါ် တင်းကြပ်ခဲ့သည်။ အဆိုပါဥပဒေကို ချိုးဖောက်ပါ၍ VPN အသုံးပြုပါက ထောင်ဒဏ် ၆ လနှင့် ဒဏ်ငွေ ကျပ် ၂ သန်းအထိ ချမှတ်ခံရမည်ဖြစ်သည်။ ဆိုင်ဘာရာဇဝတ်မှုဖြစ်သည့် အွန်လိုင်းလိမ်လည်မှု၊ တရားမ ဝင်လောင်းကစားမှုနှင့် တရားမဝင် ငွေကြေးဝန်ဆောင်မှု ပြုလုပ်ပါက ထောင်ဒဏ် ၂ နှစ်မှ ၇

နှစ်နှင့် ငွေဒဏ် လည်း ချမှတ်ခံရမည်ဖြစ်သည်။

ထို့သို့ ဥပဒေထုတ်ပြန်ခြင်းက ပြည်သူလူထု၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်မှုအပေါ် စစ်တပ်က ဆက် လက်ချိုးဖောက် ချုပ်ခြယ်လိုက်ခြင်းဖြစ်သည်။ ND-Burma အဖွဲ့ဝင်ဖြစ်သည့် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေး ရှင်း (HURFOM) က *"လွတ်လပ်တဲ့ တိုင်းပြည်တွေမှာဆိုရင် ဆိုက်ဘာ လုပ်ထုံးလုပ်နည်းတွေဟာ သတင်းအချက် အလက်ရရှိပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နဲ့ ဒစ်ဂျစ်တယ် လုံခြုံရေးအတွက်ဖြစ်တယ်။ ဥပဒေတွေက လူထုကို ကာကွယ်ပေးဖို့ဖြစ်ပြီး ဖိနှိပ်ဖို့ မဟုတ်ပါဘူး"* ဟု တုန့်ပြန်ပြောဆိုသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ND-Burma အဖွဲ့ဝင်များမှ ကွင်းဆင်းမှတ်တမ်းတင်နေသူများ၏ လုံခြုံ ရေးမှာ အန္တရာယ်အပြည့်နှင့်ဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်တွင် ဖြစ်ပွားသည့် ချိုးဖောက်မှုများကို မှတ်တမ်း တင်ရန်မှာ မဖြစ်နိုင်ပေ။ ကွင်းဆင်းမှတ်တမ်းတင်နေသူများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အတွေ့အကြုံများကို ပြောကြားသည့် ချိုးဖောက်ခံရသူများမှာ လုံခြုံရေးအရ ခြိမ်းခြောက်ခံနေရပြီး အပစ်အခတ်ရပ်စဲထားသည့် ဒေသများတွင်ပင် စစ်အာဏာရှင်နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များက လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ဆိတ်ဆိတ်နေရန် မကြာခဏ ခြိမ်းခြောက်ကြသည်။ တိုင်းရင်းသားဒေသများ အထူးသဖြင့် တိုက်ပွဲဖြစ် နေသည့်ဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ရာတွင် မတရားသည့် ဥပဒေများဖြင့် ဖမ်းဆီးအရေးယူခံရခြင်း၊ အနှောင့်အယှက်ပေးခြင်း (သို့မဟုတ်) အကြမ်းဖက်လက်တုန့်ပြန်ခြင်းများ ခံရနိုင်သည်။

မအောင်မြင်သည့် အာဏာသိမ်းမှုများ ဖြစ်ပွားချိန်မှစ၍ ND-Burma အဖွဲ့ဝင်များ မှတ်တမ်းတင်ထားသည့် မှတ် တမ်းများမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ချိုးဖောက်မှုများအား အကျဉ်းချုပ် သုံးသပ်ထားခြင်း ဖြစ်ပြီး လက်ရှိ ဖြစ်ပွားနေသည့် စိန်ခေါ်မှုများအား နိုင်ငံတကာအသိုင်းအဝိုင်းမှ အန်တု၍ တရားမျှတမှု ရရှိစေရေးအတွက် ဆောင်ရွက်ရန်လည်း သတိပေးထားခြင်းဖြစ်သည်။



*စစ်အစိုးရ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာသွားသည့် မိန်းကလေးငယ်တစ်ဦးကို စစ်ဘေးရှောင်စခန်းတွင် မြင်တွေ့ရသည်။ ဓါတ်ပုံ: Maw Ree Re, Ka Nyar Maw Foundation*



# ၂၀၂၁

၂၀၂၁ ခုနှစ် မအောင်မြင်သည့် အာဏာသိမ်းမှု ပထမနှစ်အတွင်း မြန်မာပြည်သူများ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်။ ကလေးများမှာ ရက်စက်စွာပစ်ခတ်ခံရသည်။ လူငယ်လူရွယ်များမှာ အတင်းအဓမ္မဖမ်းဆီးခံရ၍ ပျောက်ဆုံးသွားကြပြီး မိသားစုဝင်များနှင့် ပြန်မဆုံကြတော့ပေ။ ကျန်းမာရေးလုပ်သား၊ ကျောင်းဆရာ၊ ဆရာမ များနှင့် လူမှုရေးကူညီသူများမှာ ပစ်မှတ်ထားခံရသည်။ ကျည်ဆံဖြင့် ပစ်ခတ်ဖြိုခွင်းသဖြင့် ပလက်ဖောင်းနှင့် လမ်းများပေါ်တွင် ဆန္ဒပြသူများ၏ သွေးစွန်းခဲ့ရသည်။

နွေဦးတော်လှန်ရေးစတင်ချိန်မှစ၍ စစ်အာဏာရှင်တို့၏ မတရားလုပ်ရပ်အား ဆန့်ကျင်သူများ ကြီးမားသည့် အန္တရာယ်နှင့် ကြုံတွေ့ရလင့်ကစား မြေပြင်မှတိုက်ပွဲဝင်သူများအနေဖြင့် အကြောက်အရွံ့ကင်းစွာ ထိပ်တိုက်ရင် ဆိုင်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် မြန်မာ့ဒီမိုကရေစီအရေးအတွက် လွတ် မြောက်ရေး တိုက်ပွဲဝင်သူများ အသက်စွန့်ရသကဲ့သို့ ထောင်နှင့်ချီ၍ ဖမ်းဆီးခံကြရသည်။

၂၀၂၁ ခုနှစ် အကုန်တွင်ထုတ်ပြန်သည့် ND-Burma အစီရင်ခံစာအရ ဖေဖော်ဝါရီလမှစ၍ စစ်အာဏာရှင်တို့က ပြည်သူ ၁၂၀၀ ကို သတ်ဖြတ်ပြီး ဆန္ဒပြသူများအပေါ် ရန်လိုမုန်းတီးစွာ ဖြိုခွင်းနေသည့် အခြေအနေအောက်တွင် လူ ၁၀,၀၀၀ ဖမ်းဆီးခံရသည်။ အာဏာသိမ်းပြီးနောက် တနှစ်အတွင်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဆန္ဒပြသူများ သေဆုံးမှုအများဆုံး နိုင်ငံစာရင်းဝင်ခဲ့သည်။ စစ်တပ်မှ အင်အားအလွန်အကျွံသုံးမှုအဖြစ် ဆန္ဒပြနေစဉ် ဦးခေါင်းအား ပစ်ခတ်ခံရမှု အနည်းဆုံး ၂၅% ရှိခဲ့သည်။ ထိုအချိန်မှစ၍ စစ်အာဏာရှင်တို့၏ အကြမ်းဖက်လုပ်ရပ် မှာ ကျဆင်းသွားခြင်းမရှိဘဲ ပိုမိုဆိုးရွားလာပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ဘေးကင်းလုံခြုံစိတ်ချရမှု နှင့် အေးချမ်းမှုမှာ စိတ်ပူပင် ကြောင့်ကြစရာဖြစ်ခဲ့သည်။



စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ၂၀၂၁ ခုနှစ်က ရန်ကုန်တွင် ဆန့်ကျင်ဆန္ဒပြနေပုံ (ဓာတ်ပုံ-MMMLwin)

ထိုအချိန်အတွင်းတွင် အင်တာနက်စာမျက်နှာမှ သတင်းအချက်အလက်များ သုတေသနပြုခြင်းနှင့် အဖွဲ့ဝင်အဖွဲ့ အစည်း၏ မှတ်တမ်းများပေါင်းစပ်၍ သုံးသပ်ကြည့်ရာတွင် ချင်းပြည်နယ်၊ ကရင်နီပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် စစ်ရာဇဝတ်မှုမြောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုမှာ ၃၅ ခုနှင့် ၄၃ ခု ကြား ရှိသည်ကို တွေ့ရှိရသည်။ ထိုကျူးလွန်မှုများမှာ ဂျီနီဗာကွန်ဗန်းရှင်းအား အကြီးအကျယ် ချိုးဖောက် ခြင်းဖြစ်၍ စစ်ရာဇဝတ်မှုမြောက်ပြီး သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှု၊ အတင်းအကြပ် လက်စတုန်းဖျောက်ဖျက်ခြင်းနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်များအား ဖျက်ဆီးတို့ ပါဝင်သည်။



*အမျိုးသမီးများသည် မြသွေးသွန်းခိုင်၏ ပုံတူကို ကိုင်ဆောင်ထားသည်။ နေပြည်တော်တွင် ပြုလုပ်သည့် ဆန္ဒပြပွဲ၌ အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦး ဦးခေါင်း ပစ်ခတ်ခံရပြီး ၁၀ ရက်အကြာတွင် သေဆုံးသွားခဲ့ကြောင်း၊ ဓါတ်ပုံ – [Stringer/ Reuters]*

ထို့အပြင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကို အထူး သဖြင့် တိုင်းရင်းသားဒေသများတွင် ကျူးလွန်သဖြင့် စစ်ရှောင်ပြည်သူများ နေရာအနှံ့ များပြားလာသည်။ စစ် အာဏာ ရှင်တို့၏ အာဏာလိုချင် တပ်မက်မှုနှင့် ထိန်းချုပ်လိုမှုတို့က တရားမျှတမှုနှင့် အဓိပ္ပါယ်ရှိသည့် ပြုပြင် ပြောင်းလဲမှုကို ငြင်းပယ်ရာရောက်သဖြင့် စစ်အာဏာသိမ်းမှုသည် နယ်စပ်ဒေသများတွင် ပဋိပက္ခများကို ပိုမို ကြီးထွား များပြားလာစေသည်။



*စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ၂၀၂၁ ခုနှစ်က ရန်ကုန်တွင် ဆန့်ကျင်ဆန္ဒပြနေပုံ (ဓာတ်ပုံ–MMMLwin)*



# ၂၀၂၂

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်အာဏာရှင်များအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နိုင်ငံတကာရာဇဝတ်မှုများကို ကျူးလွန်ချိုးဖောက်ခဲ့သည်။ NUG ၏ လူ့အခွင့်အရေးဝန်ကြီးဌာန၊ ND-Burma နှင့် Spring Archive အဖွဲ့တို့၏ ပူးပေါင်းထုတ်ဝေသည့် အစီရင်ခံစာအရ ပစ်မှတ်အထားခံရဆုံး ဒေသမှာ စစ်ကိုင်းတိုင်း ဒေသကြီးဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှု ၇၈၃ ခုရှိပြီး မကွေးတိုင်းဒေသကြီးမှာ ၃၁၁ ခုရှိပြီး စီးပွား ရေးအချက်အခြာမြို့ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၇၁ ခု တွေ့ရှိရသည်။

အစီရင်ခံစာအရ စစ်ကိုင်းတိုင်း ကလေးမြို့၊ ခင်ဦးနှင့် ယင်းမာပင်မြို့နယ်တို့တွင် လူ့အခွင့်အရေးချိုးဖောက်မှု အ များဆုံးတွေ့ရသည်။ ချိုးဖောက်မှု ၈၁ ခုမှာ ကလေး၊ ၆၁ ခုမှာ ခင်ဦးနှင့် ၅၇ ခုမှာ ယင်းမာပင်မြို့နယ်များမှဖြစ်ပြီး ချိုးဖောက်မှုပုံစံ ၃၀ ရှိသည်။

ရခိုင်ပြည်မှာ ပြည်နယ်များအတွင်း ချိုးဖောက်ခံရမှု အများဆုံးဖြစ်၍ ဖြစ်ရပ် ၁၃၈ ခုရှိသည်။ ကျောက်တော်မြို့နယ် သည် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးအဖြစ် ဖြစ်ရပ် ၂၄ ခုရှိသည်။ ရခိုင်ပြည်အတွင်း စစ်အာဏာရှင် တပ်သားများက လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံ ၁၈ မျိုးကျူးလွန်ချိုးဖောက်ကြသည်။



ထိုကာလအတွင်း မှတ်တမ်းတင်ရာတွင် အတင်းအကြပ် မတရားဖမ်းဆီးမှုနှင့် လေကြောင်းတိုက်ခိုက်မှုမှာ အ များဆုံးတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး ဒုတိယအများဆုံးမှာ ပြည်သူ့အိုးအိမ် ပိုင်ဆိုင်မှုများ အား မီးရှို့ဖျက်ဆီးခြင်းဖြစ်၍ တတိယအများဆုံးမှာ အရပ်သားပြည်သူများ နေထိုင်ရာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု အစီရင်ခံစာတွင် နိဂုံးချုပ်ထားသည်။

စစ်အာဏာရှင်များမှ ပြည်သူလူထုအပေါ် နေ့စဉ်ရက်ဆက် ဖိနှိပ်ကျူးလွန်နေမှုများမှ ကျော်လွန်ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် လူသိများထင်ရှားသည့် နိုင်ငံရေးအကျဉ်းသား ကိုဂျင်မီ (ကိုကျော်မင်းယု)၊ ကိုဖြိုးဇေ ယျာသော်၊ ကိုလှမိုးအောင်နှင့် ကိုအောင်သူရဇော်တို့ကို သေဒဏ်ပေး ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။



*ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူ ကိုဂျင်မီ (ကိုကျော်မင်းယု)၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့အား ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် စစ်အာဏာရှင်တို့က ဥပဒေလက်လွတ် သေဒဏ်ပေးခဲ့သည်။*

ND–Burma အဖွဲ့ဝင်ဖြစ်သည့် AAPP က အဆိုပါ သတင်းသည် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်ပြီး တရားမျှတမှုသည် လည်း အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုဖြစ်သည်ဟု ဖော်ပြသည်။ AAPP မှ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည် က *"ဒါလူသတ်မှုကျူးလွန်တာပဲ။ သူတို့က တရားဝင် ရွေးကောက်တင်မြှောက်ခံထားရတဲ့ အစိုးရမဟုတ်ဘူး။ သူတို့မှာ ဒါမျိုးလုပ်ခွင့်မရှိဘူး။ အခုလို လူသတ်အလောင်းဖျောက်တဲ့ လုပ်ရပ်ဟာ သူရဲဘောကြောင် သူတွေရဲ့ လုပ်ရပ် သာဖြစ်ပြီး အကြီးမားဆုံး ရာဇဝတ်မှုကို ကျူးလွန်လိုက်တာ ဖြစ်တယ်"*ဟု ပြောသည်။



# ၂၀၂၃

၂၀၂၃ ခုနှစ်တွင် တိုင်းပြည်၏ ၈၀% သောမြို့နယ်များ (မြို့နယ် ၃၃၀ တွင် ၂၂၅ မြို့နယ်) သည် ပြင်းထန်သည့် စစ်ပွဲများ၏ ဒဏ်ကိုခံကြရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်သည့် ၁၀၂၇ စစ်ဆင်ရေးသည် စစ် ရေးအောင်မြင်၍ မြေပြင်စိုးမိုးမှု ပြောင်းလဲနိုင်ခြင်းကို သက်သေပြသည့် အခရာကျသော အခိုက်အတံ့ဖြစ်သည်။ ၁၀၂၇ စစ်ဆင်ရေးသည် ညီနောင် မဟာမိတ် သုံးဖွဲ့ဖြစ်သည့် ရက္ခိုင့်တပ်တော် (AA), မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့၏ ပူးပွဲစစ် ဆင်ရေးဖြစ်သည်။

စစ်ဆင်ရေးပြုလုပ်ပြီး လအနည်းငယ်အကြာတွင် ညီနောင်မဟာမိတ်သုံးဖွဲ့သည် တရုတ်နိုင်ငံ၏ ကြားဝင်မှုဖြင့် စစ်အာဏာရှင်အဖွဲ့နှင့် သုံးကြိမ်တွေ့ဆုံဆွေးနွေးအပြီး ဇန်နဝါရီ ၁၁ ရက်တွင် ရှမ်းပြည်မြောက် ပိုင်း အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက် သည့် ဟိုင်ဂင်သဘောတူချက်ကို ရရှိခဲ့သည်။ ထိုသို့ ဆွေးနွေးပွဲများ ရှိနေသည့်တိုင် စစ် အာဏာရှင်တို့သည် ရှမ်းပြည်မြောက်ပိုင်းရှိ မြို့နယ်များကို လက်နက်ကြီးများဖြင့် ပစ်ခတ် ခြင်းနှင့် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့တိုက်ခိုက်မှုကို တုန့်ပြန်သည့်အနေဖြင့် ညီနောင် မဟာမိတ်သုံးဖွဲ့နှင့်အတူ တော်လှန်ရေးတပ်ဖွဲ့များက “၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း” ကို အပစ်အခတ် ရပ်စဲအပြီး လေးလအကြာ ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင် စတင်ခဲ့သည်။ ဒုတိယလှိုင်း စစ်ဆင်ရေးကာလ အတွင်း စစ်အာဏာရှင်တို့အနေဖြင့် လေ ကြောင်းတိုက်ခိုက်မှုကို သိသိသာသာ တိုးမြှင့်တိုက်ခိုက်ခဲ့သည်။



၂၀၂၃ ခုနှစ်တွင် စစ်အာဏာရှင်တို့က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ကျူးလွန်ခဲ့မှုများအား မှတ်တမ်းတင်ထားသည့် နိုင်ငံသားလွတ်လပ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုသည့် အစီရင်ခံစာကို ND-Burma နှင့် Spring Archive တို့မှ ပူးတွဲထုတ်ဝေခဲ့သည်။ အစီရင်ခံစာတွင် အာဏာသိမ်းပြီး ၂ နှစ်အတွင်း လွတ်လပ်စွာ စုဝေးပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် စည်းရုံးဖွဲ့စည်းခွင့်တို့အပေါ် စစ်အာဏာရှင်တို့၏ ချိုးဖောက်မှုများကို စူးစမ်းဖော်ထုတ် ထားသည်။ အစီရင်ခံစာတွင် ဆန္ဒဖော်ထုတ်သူများအပေါ် ဖြိုခွင်းမှုများ၊ ဖမ်းဆီးမှု၊ နိုင်ငံသားလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်သူများ၊ ကျန်းမာရေးဝန်ထမ်း၊ ဒီမိုကရေစီအရေး ထောက်ခံသူများ၊ သတင်းစာသမားများနှင့် တခြား အရပ်ဖက်အဖွဲ့အစည်းများအပေါ် အကြမ်းဖက်မှုများကို အသေးစိတ် ဖော်ပြထားသည်။

အစီရင်ခံတွင် စစ်အာဏာရှင်ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြနေသူများအား စစ်တပ် လက်ကိုင်တုတ် အဖွဲ့အစည်းများက ကျည်အစစ်ဖြင့် ပစ်ခတ်ဖြိုခွင်းမှုနှင့် အဆုံးစွန်ဆုံး အကြမ်းဖက်မှုများကို သက်သေနှင့်တကွ ဖော်ပြထားသည်။ ဆန္ဒပြပွဲများကို စီစဉ်သူများက ဆန်းသစ်သည့် ဗျူဟာများသုံး၍ ဆန္ဒ ပြသူများအား ဖြိုခွင်းရန် အမိန့်ပေးမည့် စစ်တပ်တာဝန်ရှိသူများ အာရုံပြောင်း ရှုပ်ထွေးစေရန် လုပ်ဆောင်နိုင် ခဲ့သည်။ အုပ်စုအသေးများ ဖြန့်ခွဲ၍ ရုတ်တရက် ဆန္ဒပြခြင်း၊ ပိုစတာနှင့် စတစ်ကာတိုက်ပွဲများနှင့် အတိုက်အခံ လှုပ်ရှားမှုအပေါ် ထောက်ခံစေ ရန် လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ပါဝင်သည်။

ဒေသခံ သတင်းမီဒီယာများအား ရပ်ဆိုင်းစေခြင်းနှင့် သတင်းသမားများအား ပစ်မှတ်ထားခြင်း အပါ အဝင် ဆန္ဒပြသူများအပေါ် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဆိုး ရွားဆုံး ဖိနှိပ်ချုပ်ခြယ်ခြင်းဖြစ်သည်။



*ကမာရွတ်မီဒီယာကို ပူးတွဲတည်ထောင်သူ သတင်းစာဆရာ ကိုဟန်သာငြိမ်း သည် စစ်အာဏာရှင်တို့ ဖမ်းဆီးထောင်ချခဲ့သည့် သတင်းသမားများအနက် တဦးအပါအဝင်ဖြစ်သည်။ Photo: mmlwin*

*“သတင်းသမားများအား ပြစ်မှု ကိုးမှုမှ တခုကို ကျူးလွန်သည်ဟု စွပ်စွဲခံရပြီး တရားမျှတမှုကင်းသည့် ထောင် ဒဏ်များ ချမှတ်ခံရသည်။ သတင်းသမားများအပေါ် အများအားဖြင့် စွဲဆိုသည့် ပုဒ်မများ မှာ ၅၀၅ (က)၊ (ခ)၊ ပုဒ် မ ၃၃ (က) နှင့် (ခ)၊ ပုဒ်မ ၁၂၄၊ ၂၅၃ (က)၊ ပုဒ်မ ၁၃ (၁)၊ ၅၂ (က) နှင့် ၁၉ (စ) တို့ဖြစ်သည်”*

အရပ်သားပြည်သူများနှင့် သတင်းသမားများအပေါ် အများဆုံးစွဲဆိုသည့် ပုဒ်မမှာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က) ဖြစ်သည်။ စစ်အာဏာရှင်တို့က တရားဥပဒေစိုးမိုးမှုကို လက်နက်သဖွယ် ရည်ရွယ်ချက်ရှိရှိ အလွဲသုံး နေပြီး သတင်းစာဆရာနှင့် ပြည်သူ့ သတင်းသမားများအပေါ် လိုသလို ပြစ်ဒဏ်ချနေသည်။



*Myanmar Now သတင်းထောက် မကေဇွန်နွေး အား စစ်အာဏာရှင် ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်မှုဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရဲတပ်ဖွဲ့မှ ဖမ်းဆီးနေစဉ်။ ဓာတ်ပုံ AFP*

သတင်းစာ လွတ်လပ်ခွင့်မှာ ဆက်လက်ဆိုးရွားနေဆဲဖြစ်ပြီး အမှန်တရားတွက် တိုက်ပွဲဝင်နေသူများ အသံ တိတ်သွားစေရန် ပိုမိုလုပ်ဆောင်နေသည်။ နိုင်ငံနှင့်အဝှန်း လျှပ်စစ်မီးနှင့် အင်တာနက် ဖြတ်တောက်မှုတို့က လွတ်လပ်စွာ စုဝေးခွင့်နှင့် ထုတ်ဖော်ခွင့်မှာ တင်းကြပ်စွာ ပိတ်ပင်ခံထားရဆဲဖြစ်သည်ဆိုသည့် သက်သေများဖြစ်သည်။ စစ်အာဏာရှင်တို့၏ အင်တာနက်နှင့် မိုဘိုင်းဖုန်းများ ဖြတ်တောက် သိမ်းဆည်းမှုသည် ဒေသခံများ အပေါ် ထိန်းချုပ်နိုင်ရန် အသုံးပြုသည့် အဓိကနည်းလမ်းတခုဖြစ်သလို စစ်တပ်မှပြည်သူလူထုအပေါ်ကျူးလွန်နေသည့် ရာဇဝတ်မှုများအတွက် သက်သေအထောက်အထားများ မှတ်တမ်းတင်စုဆောင်းနိုင်မှု လျော့နည်းသွားစေရန်လည်း ဖြစ်သည်။

စစ်အာဏာရှင်များ သတင်းအချက်အလက် လွတ်လပ်စွာစီးဆင်းမှုအပေါ် အပြင်းအထန် ပိတ်ဆို့ထားသဖြင့် မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွက် သတင်းသမားများ လုံခြုံမှုအကင်းမဲ့ဆုံးနိုင်ငံ တနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်အတပ်မှ မအောင်မြင်သည့် အာဏာသိမ်းချိန်မှစ၍ စစ်အာဏာရှင်များသည် သတင်းသမားများအတွက် ဒုတိယအကြီးဆုံး အကျဉ်းထောင်ဖြစ်သည်ဟု နယ်စည်းမခြားသတင်းသမားများအဖွဲ့က မှတ်ချက်ပြုခဲ့သည်။



# ၂၀၂၄

၂၀၂၄ ခုနှစ်တွင် စစ်တပ်၏ ပြင်းထန်သည့် တိုက်ခိုက်မှုများကို တွေ့ရသည်။ ကရင်ပြည်နယ် တခုတည်းတွင်ပင် သတိုင်းတလျှောက် ပထမဆုံးအဖြစ် <u>စစ်ရှောင်ဒုက္ခသည် တသန်းကျော်ဖြင့် မကြုံစဖူး မြင့်တက်လာသည်။</u> ယ ခင်နှစ်များထက် ၄၀% မြင့်တက်လာသည်ကို သတိပေးလိုက်ခြင်းဖြစ်သည်။ နယ်စပ်ဒေသ အများစုတွင် စစ်ဆင် ရေးများ တိုးချဲ့တိုက်ခိုက်မှုကြောင့် စစ်ရှောင်ဒုက္ခသည်များ များပြားလာပြီး အပြင်းအထန်တိုက်ခိုက်မှုကြောင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပညာရေးအခွင့်အလန်းများ ပျက်ဆီးဆုံးရှုံးရသည်။ တနိုင်ငံလုံးတွင် ပြည် သူလူထု <u>၁၈.၆ သန်း</u>မှာ အရေးပေါ် လူသားချင်းစာနာမှုအကူအညီများ လိုအပ်လျှက်ရှိသည်။

ND-Burma အဖွဲ့ဝင်များ၏ ဒေသများတွင် စစ်တပ်မှ အပြင်းအထန် အကြမ်းဖက် တိုက်ခိုက်မှုကြောင့် အရပ်သား ပြည်သူများ အမြဲတစေ စစ်ရှောင်နေရပြီး အရေအတွက်မှာလည်း များပြားလာ၍ လူသားချင်းစာနာမှုဆိုင်ရာ အကြပ်အတည်းကို ဖြစ်ပေါ်စေသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် စစ်တပ်အာဏာသိမ်းချိန်မှစ၍ <u>လူပေါင်း ၅,၃၅၀ အသက်ဆုံးရှုံးပြီး စစ်ရှောင် ၃.၃ သန်း</u> ရှိသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံး (OHCHR) မှ ကြေငြာသည်။ ကရင် ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် အပါအဝင် ဒေသခံအဖွဲ့အစည်းများက ကော်သူးလေ ဒေသ



*စစ်ရှောင်ပြည်သူများအား ကရင်ပြည်နယ်တွင် တွေ့ရပုံ။ ဓာတ်ပုံ – NUG*

တခု တည်းတွင်ပင် စစ်ရှောင် ၁ သန်းကျော်ရှိသည်ဟု ထုတ်ပြန်သည်။ ထို့အပြင် OHCHR ၏ ခန့်မှန်းချက်အရ အာဏာ သိမ်းချိန်မှစ၍ အကျဉ်းထောင်များတွင် သေဆုံးသူ ၁,၈၅၃ ဦး ရှိပြီး ကလေး ၈၈ ဦးနှင့် အမျိုးသမီး ၁၂၅ ဦး ပါဝင် သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း စစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှု ၃၂၃ ခုကို ND–Burma အဖွဲ့ဝင်များ က မှတ်တမ်းတင်နိုင်ခဲ့ပြီး အဖွဲ့ဝင်များ အခြေစိုက်ရာ ဒေသအသီးသီးတွင် စစ်ရှောင် ၁၀၆,၅၀၀ ရှိသည်။ စစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး၊ ကလေး ၁၄ ဦးနှင့် အသက်နှင့် မည်သူ မှန်း မသိရသေးသူ ၂၄ ဦးအပါအဝင် ပြည်သူ ၅၈ ဦးသေဆုံးသည်ဟု ND–Burma အဖွဲ့ဝင် များက မှတ် တမ်းတင် ထားသည်။ ထို့အပြင် အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၁၂ ဦး၊ ကလေး ၄၅ ဦးနှင့် မည်သူ မှန်း မသိရသေး သူ ၄၅ ဦး အပါအဝင် ပြည်သူ ၁၁၉ ဦး ဒဏ်ရာရခဲ့သည်။



*ဤဓာတ်ပုံသည် Facbook အကောင့်ပိုင်ရှင် Mai So Jar မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် တင်ထားသည့် ပုံဖြစ်သည်။ မြန်မာ နိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း နမ်းခမ်းမြို့နယ်တွင် စစ်တပ်မှ လေကြောင်းတိုက် ခိုက်မှုအပြီး ပြည်သူလူထုအား ပျက်စီးနေသည့် အဆောက်အဦးများအနီးတွင် တွေ့ရသည့်ပုံဖြစ်သည်။*

ND–Burma အဖွဲ့ဝင်များအခြေစိုက်သည့် ဒေသများတွင် စစ်အာဏာရှင်တို့ ကျူးလွန်သည့် ရာဇဝတ်မှု များကို တက်တက်ကြွကြွနှင့် သက်သေများ စုဆောင်းကြသည်။ အဆိုပါ ချိုးဖောက်မှု ဖြစ်ရပ်များနှင့် အချက် အလက် များမှာ အောက်ပါအတိုင်းဖြစ်သည်–

ရခိုင်ပြည်တွင်း ချိုးဖောက်မှု ၁၆ ခုကို ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်ကွန်ဂရက် (AASYC) က မှတ်တမ်းတင်နိုင်ပြီး ချိုးဖောက်မှု ၄၀ နီးပါးခန့်ကို ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) က မှတ်တမ်းတင် ထားသည်။

ထိုအချိန်အတောအတွင်း တိုင်းပြည်၏ အရှေ့တောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီးတွင် ချိုးဖောက်မှု ၁၁ ခုကို မှတ်တမ်းတင်နိုင်ပြီး မြင်မြင်ရာ ရမ်းသမ်းပစ်ခတ်ခြင်းသည် ဖြစ်ရပ်တိုင်းတွင် ပါဝင်၍ ဖြစ်ရပ်တခုတွင် အပြစ်မဲ့ ပြည်သူတဦး သေဆုံးခဲ့သည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) က မှတ်တမ်းတင်ထားသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီမှ ဧပြီလအတွင်း ချိုးဖောက်မှု ၈ ခုကို ကရင်နီရှိ အရပ်ဖက်အဖွဲ့အစည်းဖြစ်သည့် တွဲလက် များ (မြန်မာနိုင်ငံ) မှ မှတ်တမ်းတင်ထားပြီး ချိုးဖောက်မှုများ၏ ထက်ဝက်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူ ၇ ဦး သေဆုံးခဲ့မှုဖြစ်သည်။ ကျန်သည့်ဖြစ်ရပ်များမှာ စစ်တပ်မှ ပစ်ခတ်၍ ပြည်သူများ သေဆုံးမှုဖြစ် သည်။

ရှမ်းပြည်နယ်နှင့် ကရင်နီနယ်စပ်ရှိ ပြည်သူလူထုမှာလည်း စစ်အာဏာရှင်တပ်များ၏ တိုက်ခိုက်မှုကို ခံကြရပြီး ၎င်းတို့ဘဝ ဘေးကင်းလုံခြုံ ပျော်ရွှင်ချမ်းမြေ့မှုမှာ ခြိမ်းခြောက်ခံနေရသည်။ ရှမ်းပြည်နယ်အတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှုနှင့် အဓမ္မလုပ်အားပေးစေခိုင်းသည့် ချိုး ဖောက်မှု ၁၁ ခုကို ပအိုဝ်းလူငယ်အစည်းအရုံး (PYO) မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး (TSYU) မှလည်း နောက်ထပ် ၃၅ ခုကို မှတ်တမ်းတင်နိုင်ပြီး ဖြစ်ရပ် ၈ ခုမှာ မြေမြှုပ်မိုင်း ဒဏ်ကြောင့် သေဆုံးခြင်း နှင့် ဒဏ်ရာရခြင်း၊ ဖြစ်ရပ် ၅ခုမှာ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် ဖြစ်ရပ် ၁၆ ခုမှာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အတင်းအကြပ်ဥပဒေမဲ့ ဖမ်းဆီးမှု ၉ ခုနှင့် ပြည်သူလူထုပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်းတို့ ပါဝင်သည်။

လူ့အခွင့်အရေး ချိုးဖောက်မှု ၉ ခုကို တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) မှ မှတ်တမ်းတင်နိုင်ပြီး အများစုမှာ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော စစ်ကျန်ပစ္စည်းများ ပေါက်ကွဲမှုကြောင့်ဖြစ်သည်။ တိုက်ပွဲဖြစ်နေသည့် ဒေသများရှိ စစ်ရှောင်ပြည်သူများအတွက် အသက်ရှင်သန်ရပ်တည် နိုင်ရန်အတွက် မသေခြာ မရေရာမှုများကြားမှပင် မြေမြှုပ်မိုင်း အန္တရာယ်သည်လည်း နောက်ထပ်စိန်ခေါ်မှုကြီးဖြစ်သည်။

ND-Burma အဖွဲ့ဝင်ဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT) မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ တွင် မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်မှာ အမျိုးသားတဦး ပစ်ခတ်ခံရ၍ သေဆုံးမှုဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါ ရီလမှ ဇွန်လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ၃၄ ခုကို လူ့အခွင့်အရေးကာ ကွယ်မြှင့်တင်သူများအဖွဲ့ (HRDP) မှ မှတ်တမ်းတင်ထားသည်။ အဆိုပါ ချိုးဖောက်မှုများမှာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာနဲ့အညီ ဆက်ဆံ မခံရခြင်း၊ ဥပဒေမဲ့ အတင်းအကြပ်ဖမ်းဆီးခံရခြင်း၊ ပြည်သူ့ဥစ္စာပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း၊ လက်နက်ကြီး ဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုနှင့် အရပ်သားများအား တွေ့သည့်နေရာတွင် ပတ်ခတ်ခြင်းတို့ ဖြစ် သည်။

စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ ၎င်းတို့ရပ်ရွာများမှ အတင်းအကြပ် ထွက်ပြေးရွှေ့ပြောင်းရပြီး တခြားသော ဆိုးကျိုးသက်ရောက်မှုများလည်း ကြုံရသည်။ ပြည်သူအများ



*မွန်ပြည်နယ်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် ပြည်တွင်းနေရပ်စွန့်ခွာသူများမှာ စစ်အစိုးရ၏ တိုက်ခိုက်မှုများမှ ဘေးကင်းရန် ကြိုးပမ်းနေကြစဉ် ဂူထဲတွင် ခိုလှုံနေကြရသည်။ ဓါတ်ပုံ : The Human Rights Foundation of Monland*

စုမှာ ၎င်းတို့ အိုး အိမ်နှင့် ရပ်ရွာကို စွန့်ခွာထွက်ပြေးကြရသဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် တချို့အခြေအနေများတွင် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများ ရရှိကြသည်။ လက်ရှိအခြေအနေများ ကြုံတွေ့နေရသော်လည်း ကံအကောင်း အကြောင်းမလှစွာပင် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပညာပေးခြင်းကဲ့သို့ စိတ်ကျန်းမာရေးကုသမှု အချို့ကိုသာ ရရှိကြသည်။ ဒေသခံ တိုင်းရင်းသား အမျိုးသမီးများမှာ အဆိုပါ ဟစ်ဟာမှုများကို ဖြည့်ဆည်းပေးရန် အခက်အခဲ ရှိကြသည်။

# နိဂုံး

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေမှာ မငြင်းဆန်နိုင်အောင် ဆိုးရွားစွာ ကျဆင်းလျှက်ရှိသည်။ သို့သော် လည်း စိတ်ပျက်ဖွယ် လက်တွေ့အခြေအနေများ ကြုံတွေ့နေရစေကာမူ မတူကွဲပြားသည့် နောက်ခံ အသီးသီးမှ ပြည်သူတဦးချင်းစီ၏ စစ်အာဏာရှင်စနစ်ဖယ်ရှားရေးအတွက် ကြံ့ကြံ့ခံ ပူးပေါင်းတိုက်ပွဲဝင်နေမှုကို အသိအမှတ် ပြု ချီးကျူးထောပနပြုရမည်ဖြစ်သည်။

မြန်မာပြည်သူများအတွက် တရားမျှတမှု ရရှိရန်မှာပင် အချိန်လင့်နေပြီဖြစ်သည်။ စစ်အာဏာရှင်တို့၏ လက်ခံ နိုင်ဖွယ်မရှိသည့် လုပ်ရပ်များနှင့် ပတ်သက်ပြီး အရေးယူဆောင်ရွက်ရန် အရပ်ဖက် အဖွဲ့အစည်းများ က အစဉ်တ စိုက် တောင်းဆိုနေသည့် လေယာဉ်ဆီဖြတ်တောက်ရေး၊ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်ရေး နှင့် မြန်မာ့လူ့အ ခွင့်အရေး အခြေအနေအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းရေးတို့ မှာ ဆက်လက် တောင်းဆိုနေရဆဲဖြစ်သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ တွင် အကြမ်းဖက်မှုများ ချက်ခြင်းရပ်တန့်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရေးတို့သည် အမျိုးသမီးနှင့် ကလေးများအတွက် လိုအပ် သည့် အကာအကွယ်ပေးမှုများ ပြုလုပ်ရန်နှင့် အတိမ်းအစောင်းမခံသည့် တာဝန်ယူတာဝန်ခံမှု ရှိရန်အတွက် မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

မြန်မာပြည်သူလူထုမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အနုတ်လက္ခဏာဆောင်သည့် ဆိုးကျိုးများ တွေ့ကြုံနေရပြီး ၎င်းတို့၏အနာဂတ် မျှော်လင့်ချက်မှာလည်း ရေရှည်ရရှိနေသည့် စိတ်ဒဏ်ရာနှင့် အမြဲမပြတ် ဖြစ်ပွားနေသည့် မသေခြာမရေရာမှုများကြောင့် မှေးမှိန်နေသည်။ စစ်ရှောင်ပြည်သူများမှာ စိတ် ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုအတွက် အမြဲခြိမ်းခြောက်ခံနေရပြီး ၎င်းတို့၏ ကျန်းမာရေးနှင့် ပညာရေး မျှော်လင့်ချက်မှာ လည်း သိသိသာသာ လျော့ပါးကင်းမဲ့နေသည်။

မည်သို့ပင်ဆိုစေကာမူ မတူကွဲပြားသည့် ခုခံရေးလှုပ်ရှားမှုများ အသံတိတ်ရပ်ဆိုင်းသွားစေရန် စစ် အာဏာရှင်တို့၏ ဖိနှိပ်ချုပ်ခြယ်မှုမှာ မအောင်မြင်ပေ။ စစ်တပ်မှ ရက်ရက်စက်စက် ခြိမ်းခြောက် အကြမ်းဖက် မှုများ တိုးမြှင့် လုပ်ဆောင်နေလင့်ကစား ပြည်သူတို့မှ စစ်အာဏာရှင်စနစ်အား စည်းလုံးညီညွတ်စွာ တိုက်ပွဲ ဝင်မှုကြောင့် စစ် တပ်မှ အပြင်းအထန်လိုလားနေသည့် တရားဝင်မှုနှင့် အသိအမှတ်ပြုမှုကို တားဆီး ဟန့်တား နိုင်ခြင်းဖြစ်သည်။

နှစ်သစ်ကူး အခါသမယတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအတွက် လှုပ်ရှားဆောင်ရွက်မှုမှာ ခိုင်မာအားကောင်းနေသည်။ စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်ခြင်းနှင့်အတူ မတူကွဲပြားသည့် တိုင်းရင်းသား များ၊ ဂျန်ဒါ၊ ဘာ သာရေးနှင့် လူမှုရေး–စီးပွားရေး နောက်ခံမှ ပြည်သူတဦးချင်းသည် ၎င်းတို့၏ အခြေခံရပိုင်ခွင့်

များကို ထိပါးစော်ကားသည့် စစ်အာဏာရှင်တို့ တာဝန်ယူ တာဝန်ခံမှုရှိလာစေရန်အတွက် ကြံ့ကြံ့ခံ တောင်းဆိုတိုက်ပွဲဝင် နေကြသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် လိုအပ်သည့် အင်အားများအသုံးပြု၍ အတိတ်ဖြစ်ရပ်များကို သင်ခန်းစာယူပြီး လက်ရှိဖြစ်ပေါ်နေသည့် ကြမ်းကြုတ်ရက်စက်မှုများ ချုပ်ငြိမ်းသွားစေရန်အတွက် အဆောတလျင် ဆောင်ရွက်ရမည်။ မြန်မာစစ်တပ်မှ လူသားများအပေါ် ကျူးလွန်သည့်ပြစ်မှု (CAH) ကျူးလွန်သည့်သူများ တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်အတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပို့ဆောင်ရမည်။ ထိုသို့ ရက်စက်ကြမ်းကြုတ်သူများအား လွတ်မြောက်ခွင့်ပေးလိုက်ပါက အကျိုးဆက်အနေဖြင့် ချိုးဖောက်စော်ကားခြင်းများ နောက်ထပ်ကျူးလွန်ရန် အားပေးသကဲ့သို့ ဖြစ်စေမည်ဖြစ်သည်။

မြန်မာပြည်သူများ၏ လိုအပ်ချက်များအပေါ် ဥပေက္ခာပြု လျစ်လျူရှု၍မရပေ၊ ပြည်သူတို့၏ ဘဝလုံခြုံရေးမှာ အတိမ်းအစောင်းမခံဖြစ်နေသည်။ ပြည်သူများ၏ အခြေခံနေ့စဉ်အခွင့်အရေးများမှာ ပိတ်ပင်ဖိနှပ်ခံထားနေရပြီး တိုက်ပွဲဖြစ်ပွားနေသည့် စစ်မြေပြင်သို့ အတင်းအကြပ် တွန်းပို့ခံနေ၍ ဘဝရှင်သန်ရပ်တည်နိုင်မှုမှာ ခြိမ်းခြောက် ခံနေရသည်။

ထို့အပြင် စစ်အာဏာရှင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုကို သမိုင်းတလျှောက် ခံရသူများနှင့် လက်ရှိကြမ်းကြုတ် ရက်စက်မှုများကို ခံကြရသည့် နစ်နာသူများအတွက် ပြန်လည်ကုစားပေးလျော်မှုမှာ အချိန်လင့်နေသည်။ စစ်အာဏာရှင်တို့၏ အာဏာငန်းငန်းတက် ရလိုမှုကြောင့် အညှာအတာကင်းမဲ့မှုကို လက်တွေ့ပြသနေသည့်အတွက် တက်ကြွလှုပ်ရှားသူ၊ အလုပ်သမား၊ စီးပွားရေးလုပ်ငန်းရှင်၊ ကျောင်းသား သို့မဟုတ် နိုင်ငံရေးသမား မည် သူပင်ဖြစ်စေ ပစ်မှတ်ထားခြင်း ခံကြရသည်။

ထိုင်း-မြန်မာ နယ်စပ်တလျှောက်ရှိ ဒုက္ခသည်များမှာ စိတ်ချလုံခြုံစွာ နေရပ်ရင်းပြန်ရန် အခွင့်အရေးနည်းလာ သကဲ့သို့ပင် စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာရသည့် စစ်ရှောင်များအတွက် အကြပ်အတည်းမှာလည်း တိုးပွားလာနိုင်သည်။ စစ်အာဏာရှင်တို့၏ လုပ်ရပ်အတွက် အဆောတလျင်တုန့်ပြန်နိုင်သည့် ဗျူဟာများမရှိလျှင် ဥပဒေမဲ့ အတင်းအကြပ် ဖမ်းဆီးခံရသူများ၊ ထိန်းသိမ်းခံရသူများနှင့် ရက်ရက်စက်စက် အသတ်ခံရသူဦးရေမှာ ဆက်လက် များပြားနေမည်ဖြစ်သည်။

အကြပ်အတည်း အသီးသီးကို တုန့်ပြန်ဖြေရှင်းရာတွင် စစ်အာဏာရှင်တို့၏ အသိတရားမဲ့သော လုပ်ရပ်နှင့် ဆက်လက်ကျူးလွန်နေသည့် အကြမ်းဖက်မှုများကို ချက်ခြင်းလျော့ချ အရေးယူဆောင်ရွက်မှုနည်းလမ်းလည်း ပါဝင်ရမည်ဖြစ်သည်။

# အကြံပြုချက်များ

## နိုင်ငံတကာ အသိုင်းအဝိုင်းသို့

- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ မြန်မာနိုင်ငံ၏ အခြေအနေကို ချက်ချင်းလွှဲပြောင်း ရန်၊ စစ်အာဏာရှင်တို့ ကျူးလွန်သည့် ပြစ်မှုများအတွင်း ထိခိုက်ခံစားခဲ့ရသူများအတွက် တရား မျှတမှု ရရှိရန် ဖြစ်နိုင်သမျှ နည်းလမ်းများကို ရှာဖွေရန်။
- စစ်တပ်မှ လေကြောင်းတိုက်ခိုက်နေသည့်အတွက် လေယာဉ်ဆီဖြတ်တောက်ရေး အရေးယူမှုကို ထိထိရောက်ရောက် ချမှတ်ဆောင်ရွက်ရန်။
- မြန်မာနိုင်ငံရှိ ဆိုးရွားသောလူအခွင့်အရေးအခြေအနေများကို သိရှိသဘောပေါက်၍ နိုင်ငံတကာမှ ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံသို့ စစ်လက်နက်များ လွယ်ကူစွာစီးဆင်းမှု ရပ်ဆိုင်းစေရန်အတွက် လက်နက်တင်ပို့ ရောင်းချခြင်းမပြုလုပ်ရန်။
- မြေပြင်တွင်လုပ်ကိုင်နေသော အရပ်ဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ လူ့အခွင့်ရေးကာကွယ်သူများ မှတ်တမ်းပြုစုခြင်းနှင့် စစ်တပ်မှ အကြီးအကျယ် ချိုးဖောက်နေသည့် လူသားများအပေါ် ကျူးလွန်သည့် ပြစ်မှုများအတွက် သက်သေများ စုဆောင်းနိုင်ရန် ပံ့ပိုးကူညီရန်။
- ပဋိပက္ခဖြစ်ပွားရာဒေသများသို့ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များ စေလွှတ်လျှက် မြန်မာ့လူ့အခွင့်အရေး အခြေအနေကိုလေ့လာအကဲခတ်ရန်။

## အလှူရှင်များသို့

- အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများနှင့် ရှေ့တန်းမှအရေးပေါ်ကူညီ ကယ်ဆယ်ပေးနေသည့် ဒေသခံအဖွဲ့အစည်းများအား တန်းတူရည် တူ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဆက်ဆံ၍ လူသားချင်းစာနာသည့် အကူအညီများ ပဋိပက္ခဖြစ်နေသည့် ဒေသများသို့ လုံခြုံစိတ်ချ၊ ထိရောက်၊ လျှင်မြန်စွာ ဖြန့်ဖြူး ပေးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။

- ဒဏ်ရာရလူနာများအား ကုသပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် စစ်ရှောင်ပြည်သူများအား အရေးပေါ်အကူအညီများပေးနေသည့် လူသားချင်းစာနာထောက်ထားမှု တုန့်ပြန်ဆောင်ရွက်ပေးနေသော တိုင်းရင်းသားအဖွဲ့အစည်းများအား ရေရှည်နှင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် ငွေကြေးအကူ အညီများ ပံ့ပိုးရန်။

- ဘာသာစကားနှင့် မနိုင်ဝန်ထမ်းရသည့် အခက်အခဲကြောင့် ဒေသခံအဖွဲ့အစည်းများအတွက် အကျိုးမရှိ သည့် တင်းကြပ်သော ငွေကြေးအကူအညီပေးသည့် လျှောက်လွှာများအား လျှော့ပေါ့ရန်။

- စစ်အာဏာရှင်တို့ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းများအား အကာအကွယ်ပေးခြင်း၊ အချက်အလက်များထိန်းသိမ်းခြင်းနှင့် ကောက်ယူခြင်းလုပ်ငန်း များအတွက် လုံလောက်သည့် ငွေကြေးအကူအညီများပေးရန်နှင့် နိုင်ငံတကာ စနစ်ယန္တရားများအတိုင်း ကျူးလွန်သူများ တာဝန်ယူ တာဝန်ခံမှုရှိစေရေးအတွက် သေခြာစေရန်။

## အမျိုးသားညီညွတ်ရေး အစိုးရ သို့

- ဒေသခံများ အကောင်အထည်ဖော်နေသည့် စနစ်များအား အသိအမှတ်ပြုရန်နှင့် ပံ့ပိုးပေးရန်အတွက် ဒေသခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား စည်းရုံးလှုံ့ဆော်ရန်။

- သံတမန်များနှင့် ကမ္ဘာ့ခေါင်းဆောင်များအား စစ်အာဏာရှင်တို့နှင့် ဆက်ဆံမှုကိုရပ်ဆိုင်း၍ ၎င်းတို့ နှင့် ဆက်စပ်သည့် အဖွဲ့အစည်းများအားလက်ခံမှု သို့မဟုတ် အသိအမှတ်မပြုရန်အတွက်တိုက်တွန်းရန်။

- စည်းရုံးလှုံ့ဆော် တောင်းဆိုမှုများနှင့် စစ်ရှောင်ပြည်သူများအား အကူအညီပေးနိုင်သည့် နေရာများအား ချိန်ညှိနိုင်ရန်အတွက် တိုင်းရင်းသား အကူအညီပေးရေးအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ထိထိရောက်ရောက် တပြေးညီ ပူးပေါင်းဆောင်ရွက်ရန်။

https://www.facebook.com/theNDBurma
https://x.com/DocumentationNd
https://bsky.app/profile/ndburma.bsky.social
office@ndburma.org
https://ndburma.org








## ND-Burma အကြောင်း

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma) ကို အဖွဲ့ပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသား၊ အမျိုးသမီးနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ကိုယ်စားပြုပါဝင်ကြသည်။ ၂၀၀၄ ခုနှစ်မှ စတင်ကာ လူ့အခွင့်ရေး ချိုးဖောက်မှုများ မှတ်တမ်းတင်ပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တရားမျှတမှုရရှိရန် ဆောင်ရွက်သည်။ ကွန်ရက်တွင် အမြဲတမ်းအဖွဲ့ဝင် (၉) ဖွဲ့နှင့် ဆက်စပ်အဖွဲ့ဝင် (၄) ဖွဲ့ ပါဝင်သည်။